(အို အလီ) အသင် ဤသို့ ပြောဆိုပါလေ။ အို - အလ္လာဟ်

အရှင်မြတ်၊ ကျွန်တော်မျိုးအား တရားလမ်းမှန်ကို

ညွှန်ကြားပြသတော်မူပါ။ မှန်ကန် တည့်မှတ်စေတော်မူပါ။ထို့နောက် အသင်သည် "အလ်ဟုဒါ" ဟူသော စကားလုံးကို

ရွတ်ဆိုသောအခါ

လမ်းမှန်ကိုညွှန်ပြခြင်းဖြစ်ကြောင်းကို သတိရလော့။ "အတ်စ်စဒါဒ်" ဟူသော စကားလုံးကို ရွတ်ဆိုသောအခါ

မြားတံအား ပစ်လွှတ်ရာတွင်ပစ်မှတ်ကို ဖြောင့်မတ်စွာပစ်ခွင်နိုင်ခြင်းကို သတိရလော့။

အလီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်မှာ - ကျွန်ုပ်အားအလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က
မိန့်ကြားတော်မူသည်။ (အို အလီ) အသင် ဤသို့ ပြောဆိုပါလေ။ အို - အလ္လာဟ် အရှင်မြတ်၊ကျွန်တော်မျိုးအား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူပါ။ မှန်ကန်
တည့်မှတ်စေတော်မူပါ။ ထို့နောက် အသင်သည် "အလ်ဟုဒါ" ဟူသော စကားလုံးကို
ရွတ်ဆိုသောအခါ လမ်းမှန်ကိုညွှန်ပြခြင်းဖြစ်ကြောင်းကို သတိရလော့။ "အတ်စ်စဒါဒ်"
ဟူသော စကားလုံးကို ရွတ်ဆိုသောအခါ မြားတံအား ပစ်လွှတ်ရာတွင်ပစ်မှတ်ကို
ဖြောင့်မတ်စွာ ပစ်ခွင်နိုင်ခြင်းကို သတိရလော့။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အလီ ဗင်န် အဘီသွာလိဗ် (ရဿွိယလ္လာဟုအန်ဟု) အား ဤဒုအာကို တောင်းဆိုရန် အမိန့်ပေးတော်မူခဲ့သည်။ ၎င်းမှာ - " အို- အလ္လာဟ် အရှင်မြတ် ကျွန်တော်မျိုးအား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူပါ။မှန်ကန် တည့်မှတ်စေတော်မူပါ။" ဆိုလိုသည်မှာ- အို-အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုးအား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မူပါ၊ (တဖန်ညွှန်ပြခြင်းခံရသောတရားလမ်းမှန်အတိုင်း လျှောက်လှမ်းနိုင်ရန်) သောင်ဝ်ဖီးက်စွမ်းအားပေးသနားတော်မူပါ။ထို့ပြင် ကျွန်တော်မျိုး၏ ကိစ္စအဝဝတွင် ကျွန်တော်မျိုးအား ဖြောင့်မတ်မှန်ကန်သူအဖြစ်ပြုလုပ်ပေးသနားတော်မူပါ။ “အလ်ဟုဒါ” ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ အမှန်တရားကိုအကျဉ်းချုံးအားဖြင့်လည်းကောင်း၊ အကျယ်တဝင့်အားဖြင့်လည်းကောင်းသိရှိနားလည်ခြင်းနှင့် ထင်ရှားပေါ်လွင်စွာဖြင့် လည်း ကောင်း၊ဖုံးကွယ်လျှို့ဝှက်စွာဖြင့် လည်းကောင်း ယင်းအမှန်တရား၏ လမ်းစဉ်အတိုင်းလိုက်နာကျင့်သုံးနိုင်စွမ်း ရရှိခြင်းပင်ဖြစ်သည်။ “အတ်စ်ဒါဒ်” ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ မှန်ကန်သောလမ်းစဉ်အတိုင်း မြဲမြံစွာရပ်တည်နိုင်ခြင်းနှင့်ကိစ္စအဝဝတွင် မှန်ကန်မှုရှိခြင်းပင်ဖြစ်သည်။ အပြောအဆို၊ လုပ်ရပ်နှင့်ယုံကြည်ချက်ဆိုင်ရာ ကိစ္စရပ်များတွင် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အတိုင်းလျှောက်လှမ်းနိုင်ခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်ကူး ဉာဏ်ဖြင့်သာ

http://www.sunnah.global/hadeeth/my/show/5915